# ကာကွယ်ဆေးထိုးမည့်နေ့တွင် လုပ်ဆောင်ရန်အချက်များ

| | |
|---|---|
| ၁။ ကူပွန် တင်ပြရန် | ကာကွယ်ဆေးထိုးရန်ကူပွန်၊ ကြိုတင်စာရင်းပေးသွင်းထားကြောင်းပါရှိသည့်ကူပွန်၊<br>(လိုအပ်သောအချက်များအားကြိုတင် ဖြည့်သွင်းပေးထားပါ)<br>သက်သေခံအထောက်အထား (ကျန်းမာရေးအာမခံကတ်စသည်) ၎င်း၃ခုအား တင်ပြပါ။ |
| ၂။ကြိုတင်စာရင်းပေးသွင်းထားကြောင်းပါရှိသည့်ကူပွန်အား စစ်ဆေးခြင်း | ကျန်းမာရေးဝန်ထမ်း၊ သူနာပြုမှ ဖြည့်သွင်းထားသော အကြောင်းအရာများအား စစ်ဆေးပါမည်။ |
| ၃။ ဆရာဝန်မှ စစ်ဆေးခြင်း | သင်၏ ကာကွယ်ဆေးထိုးနိုင် မထိုးနိုင်အား ဆရာဝန်မှ စစ်ဆေးပါမည်။ |
| ၄။ ကာကွယ်ဆေးထိုးခြင်း | ကာကွယ်ဆေးထိုးပါမည်။<br>ကာကွယ်ဆေးထိုးပြီးနောက် ဆေးထိုးပြီးကြောင်း စာတစ်ကာအား လက်ခံရယူပါ။ |
| ၅။ ကာကွယ်ဆေးထိုးပြီးနောက် အခြေအနေအားစောင့်ကြည့်ခြင်း | သတ်မှတ်ထားသောနေရာတွင် ၁၅မိနစ်မှမိနစ်၃၀အထိ မိမိ၏အခြေအနေအား စောင့်ကြည့် စစ်ဆေးပါ။ |




## သတိပြုရန် အချက်များ

- ကြိုတင်စာရင်းပေးသွင်းထားသူများသာ ကာကွယ်ဆေးထိုးနှံနိုင်မည် ဖြစ်သဖြင့် သင် အဆင်ပြေသောရက်တွင် ကြိုတင်စာရင်းပေးသွင်းထားပါ။
- ကြိုတင်စာရင်းပေးသွင်းထားသောရက်စွဲနှင့် အချိန်အားစစ်ဆေး၍ လာရောက်ပေးပါ။၁နာရီနီးပါးကြာမြင့်နိုင်ပါသည်။
- လက်မောင်းတွင် ဆေးထိုးမည်ဖြစ်သည့်အတွက် လက်မောင်းအားလှန်ရလွယ်ကူသော အဝတ်အစားအားဝတ်ဆင်ပေးပါ။
- Maskတပ်လာပေးပါ။
- ကြိုတင်စာရင်းပေးသွင်းထားကြောင်းပါရှိသည့် ကူပွန်အား ဘောပင်ဖြင့် ဖြည့်စွက်ပေးပါ။

  (ခဲတံ၊ ဖျက်၍ရသောဘောပင်ဖြင့် မဖြည့်စွက်ပါရန်)



- ဆေးမထိုးမီ အဖျားရှိပါက ကာကွယ်ဆေးထိုးရန်နေရာအားမသွားပါနှင့်။ ကျန်းမာရေးဌာနအား ဆက်သွယ်ပေးပါ။

**စာရင်းပေးသွင်းပုံအဆင့်ဆင့်နှင့်ပတ်သတ်၍ မေးမြန်းလိုပါက**

ကျန်းမာရေးဌာန
ဖုန်း ： 0826-42-5633
Otasuke Ph ： 42-5633
FAX ： 0826-47-1282

**ကာကွယ်ဆေးနှင့်ပတ်သတ်၍ မေးမြန်းလိုပါက**

ဟီရိုရှီးမားမြို့ကိုဗစ်ကာကွယ်ဆေးထိုးခြင်း Call Center

ဖုန်း ： 082-513-2847
FAX ： 082-211-3006